
BOOKCASE BY SAW
mgyoe.com
SAMPLE BOOK

# လူငယ်တို့အောင်မြင်ရေး
# လောကနီတိ
# အလိမ္မာစာ

(ပင်းယခေတ် စတုရင်္ဂဗလအမတ်ကြီး မူရင်းရေးသားသည်)

ပီတိ(ပေကြီး)



mgyoe.com

mgyoe.com SAMPLE BOOK

လောကဆိုတာ လူသားတို့ရဲ့ သတ္တလောကကြီးကို ဆိုလိုတာဖြစ်ပါတယ်။

နီတိဆိုတာကတော့ ပါဠိစာပေ နိမိကနေ ဆင်းသက်လာကြောင်း ဆိုပါတယ်။

နိမိ ဆိုတာ ရွှေ ငွေ ဥစ္စာ ရတနာလို့ အဓိပ္ပာယ်ရပါတယ်။

ပြောင်းလဲသုံးစွဲလာတဲ့ နီတိကတော့ ဆောင်ခြင်း ရည်ညွှန်းခြင်းလို့

အဓိပ္ပာယ်ရကြောင်း ဆိုပါတယ်။

ဒီတော့ လောကနီတိဆိုတာ လောကသားတို့ရဲ့

ရွှေ ငွေ ဥစ္စာပစ္စည်းသဖွယ် ဆောင်ထားကျင့်သုံး လိုက်နာဖွယ်ရာများ။

လောကလူသားတို့ ဘဝတိုးတက်ရေးကို ညွှန်ပြခြင်းများလို့

နားလည်ကြရမှာ ဖြစ်ပါတယ် ။

9 250011 527893

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

ဤစာအုပ်၏ မျက်နှာဖုံးဒီဇိုင်း၊ စာတ်ပုံ၊ စာမျက်နှာဖွဲ့စည်းမှု၊ ဖန်တီးရေးဖွဲ့မှု၊ စာသားများအားလုံးသည် စာရေးသူနှင့် ဤစာအုပ်တိုက်၏ မူပိုင်သာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မူပိုင်ခွင့်ရှိသူများ၏ ခွင့်ပြုချက်မရဘဲ ကူးယူဖော်ပြခြင်း၊ ကူးယူရေးသားခြင်းကို လုံးဝ(လုံးဝ) ခွင့်မပြုပါ။

[ စာအုပ်အညွှန်း ရေးသားဖော်ပြခြင်း၊ စာအုပ်အား ဝေဖန်ချက်ရေးသားခြင်း၊ စာဖတ်သူများ၏ Social Media စာမျက်နှာများပေါ်တွင် စာအုပ်ပုံဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ပြန်လည်ရေးသား ညွှန်းဆိုဖော်ပြခြင်း၊ စာအုပ်မျက်နှာဖုံးပုံအား Profile Picture အဖြစ် အသုံးပြုခြင်းတို့ကို ခွင့်ပြုပါသည်။ ]

BOOKCASE BY SAW

Email;myawuttcho201012@gmail.com
☎ 09-250011521

mgyoe.com

mgyoe.com
SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေခြင်း | ၂၀၂၅-ခုနှစ်၊ ဩဂုတ်လ (ပထမအကြိမ်) |
| ထုတ်ဝေသူ | ဒေါ်အိအိချို (၀၂၈၂၈)<br>မြဝတ်ချိုစာပေ<br>အမှတ်- ၂၀၊ ဗိုလ်ချုပ်လမ်း၊ ဗမာအေးရပ်ကွက်၊<br>ဒေါပုံမြို့နယ်၊ ရန်ကုန်။<br>ဖုန်း- ၀၉-၂၅၀၀၁၁၅၂၁ |
| ပုံနှိပ်သူ | ဦးကျော်ကျော် (မြ - ၀၁၃၅၈)<br>အောင်သုတပုံနှိပ်တိုက်<br>အမှတ်-၉၂/အေ၊ စက်မှုဇုန် (၃) လမ်း၊<br>တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ |
| အတွင်းသရုပ်ဖော် | ဆူးထက်အောင် |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၈၀၀၀ ကျပ် |

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP)

၃၂၀.၄
ဝိ ဝိတိ(ပေကြီး)
လူငယ်တို့ အောင်မြင်ရေး လောကနီတိ အလိမ္မာတ / ဝိတိ(ပေကြီး)။ --- ရန်ကုန်။
ရွှေပေစာအုပ်တိုက်၊ ၂၀၂၅။
၁၉၂ စာ၊ ပုံများ၊ ၂၁ စင်တီ။
၁။ ပြည်သူ့နီတိ
(၁) လူငယ်တို့ အောင်မြင်ရေး လောကနီတိ အလိမ္မာတ

mgyoe.com

mgyoe.com SAMPLE BOOK

လူငယ်တို့ အောင်မြင်ရေး

# လောကနီတိ - အလိမ္မာစာ

[ ပင်းယခေတ် စတုရင်္ဂဗလအမတ်ကြီး မူရင်းရေးသားသည်။ ]

ပီတိ[ပေကြီး]

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



# မာတိကာ


ပြန်လည်စီစဉ်သူ၏ ရည်ရွယ်ချက်အမှာစာ ၉

၁။ ပညာရှိကြောင်း နီတိ ၁၇

၂။ သူတော်ကောင်းဖြစ်ကြောင်း နီကိ ၅၇

၃။ သူယုတ်မာဖြစ်ကြောင်း နီတိ ၈၅

၄။ မိတ်ဆွေ ဆိုင်ရာ နီတိ ၉၇

၅။ အမျိုးသမီးများနဲ့ဆိုင်ရာ နီတိ ၁၁၃

၆။ အစိုးရမင်းများနဲ့ဆိုင်ရာ နီတိ ၁၃၃

၇။ အထွေထွေဆိုင်ရာ နီတိ ၁၆၁


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# ပြန်လည်စီစဉ်သူ၏ ရည်ရွယ်ချက်အမှာစာ

လောကနီတိဟာ ရှေးမြန်မာတို့ရဲ့ ပညာရေးမှာ အရေးပါ အရာရောက်ခဲ့တဲ့ ကျမ်းတစ်ဆူဖြစ်ပါတယ်။ ဒီနေ့လို ခေတ်မီတဲ့ အစိုးရကျောင်းတွေ မထွန်းကားမီကာလက ဘုန်းတော်ကြီးကျောင်းမှာပဲ သင်ပုန်းကြီးကစ ရတနာရွှေချိုင့် လောကနီတိတို့ စတာတွေသာ ကြီးပြင်းခဲ့ရပါတယ်။ ဒီနေ့ခေတ်မှာတော့ ငယ်ရွယ်သူတွေဟာ လောကနီတိနဲ့ အတော်အလှမ်းဝေးနေခဲ့ပါတယ်။ လူတော်တော်များများက လောကနီတိကို အပျော်တမ်း ဖတ်စာမျှလောက်ပဲ သဘောထားလာကြပါတယ်။

ဆိုတော့ လောကနီတိမှာ ပါဝင်တဲ့ ဆောင်အပ် ရှောင်အပ် လိုက်နာအပ်တဲ့အချက်တွေ နှောင်းလူတို့ ကောင်းကောင်း မသိကြတော့။ တစ်ခုစဉ်းစားစရာရှိတာက လောကနီတိကို လူတွေမသိ မဖတ်ကြတော့တာဟာ ဒီနေ့ခေတ်နဲ့ အကျုံးမဝင်တော့တဲ့ နိတိစကားတွေဖြစ်နေလို့လားပေါ့။ တကယ်တော့ လောကနီတိဟာ ခေတ်အဆက်ဆက် လူများ

mgyoe.com

လိုက်နာအပ် ရှောင်ကြဉ်က သိမြင်အပ်တဲ့ စကားများ ဖြစ်ပါတယ်။ တစ်ခုတလေလောက်ပဲ ခေတ်နဲ့ မညီတော့တဲ့ အနေအထားဖြစ်ပါတယ်။ အဲဒါကိုတော့ ခေတ်နဲ့အညီ ဖြစ်စေမဲ့ အတွေးအမြင်တွေနဲ့ ချင့်ချိန် စဉ်းစားယူရပါမယ်။

နီတိကျမ်းအတတ်ရှိသူအဖို့ အသိပညာ ဗဟုသုတ ကြွယ်ဝပြီး လုပ်ဆောင်တဲ့ လုပ်ငန်းများလဲ သဘာဝယုတ္တိ အာဂမယုတ္တိတို့နဲ့အညီ လက်တွေ့ကျကျ လုပ်ဆောင်နိုင်မှာဖြစ်တဲ့အတွက် ဘဝလှေကားထစ်များအဖြစ် အသုံးဝင်လှပါတယ်။ နီတိကျမ်းများ တတ်သိသူ အများစုမှာ ကိုယ်အမူအရာ နှုတ်အမူရာ အင်မတန် သိမ်မွေ့ပါတယ်။ နှောင်းစာပေ ပညာရှင်တွေအနေနဲ့ နီတိကျမ်းလာ အချက်အလက်တို့ကို စာရေးသားရာမှာ ထည့်သွင်းကိုးကားခြင်း၊ ဟောပြောပွဲတွေမှာ ထည့်ပြီး ဟောပြောခြင်း ပြုလုပ်ကြပြီး ကျယ်ကျယ်ပြန့်ပြန့် အသုံးချခဲ့ကြပါတယ်။ အဲဒီနီတိကျမ်း တွေကပေးတဲ့ အသိပညာတွေကြောင့် ဘဝပေါင်းများစွာ တစ်ဆစ်ချိုး ပြောင်းလဲတိုးတက်ခဲ့ကြဖူးပါတယ်။ ဒါကြောင့် လောကနီတိ ကျမ်းလာ လမ်းညွှန်ချက်တွေကို ယနေ့ လူငယ် လူရွယ်နဲ့ လူကြီးများပါ မကျန် လေ့လာလိုက်စားမှု အားနည်းလာတာဟာ နိုင်ငံရဲ့အနာဂတ် အသိပညာ အတတ်ပညာ ကိုယ်ကျင့်တရားတို့ကို ထိခိုက်လာနိုင်လို့ စိုးရိမ်စရာ ဖြစ်ပါတယ်။

လောကနီတိကျမ်းကို ရှေးမြန်မာဘုရင်များ လက်ထက်တော် ကတည်းက မြန်မာတို့ တလေးတစား တန်ဖိုးထား သင်ယူခဲ့ကြပါတယ်။ မူလ ကျမ်းပြုစုသူမှာ ပင်းယခေတ် ရှင်ဖြူလေးစီးရှင် သီဟသူမင်း လက်ထက်က သီရိမဟာ စတုရင်္ဂဗလအမတ်ကြီးဖြစ်ပါတယ်။ စတုရင်္ဂဗလ အမတ်ကြီးဟာ ဘုရားဟော ပိဋကကျမ်းများနဲ့ လောကုတ်လောကီရေးရာ စာအုပ်များစွာတို့ကနေ ကောက်နုတ်ကိုးကားပြီး လောကနီတိကျမ်းကို

mgyoe.com

m gyoe.com SAMPLE BOOK

ရေးသားခဲ့တာ ဖြစ်ပါတယ်။ **ရေးသားခဲ့တဲ့ခုနှစ်ဟာ သက္ကရာဇ် ၇၁၄ ခုနှစ်ဖြစ်ပါတယ်။**

မူလရေးသားထားတဲ့ လောကနီတိကျမ်းဟာ ပါဠိဘာသာနဲ့ ရေးသားခဲ့တာဖြစ်ပါတယ်။ အဲဒီပါဠိဘာသာကနေ မြန်မာတို့အလွယ်တကူ နားလည်နိုင်ဖို့အတွက် **မဟာအောင်မြေဘုံစံအုတ်ကျောင်း ဆရာတော်ကြီး ဦးဗုမ်က သက္ကရာဇ် ၁၁၆၉ ခုနှစ်မှာ ဘာသာပြန်အနက် ရေးသားခဲ့ပါတယ်။** အဲဒီနောက် မင်းတုန်းမင်းနဲ့ သီပေါမင်းတို့ လက်ထက်မှာ အမှာတော်ရေး ရာထူးနဲ့ ခစားအမှုထမ်းခဲ့တဲ့ ဦးရှင်ကလေးကလဲ မြန်မာစာပေနယ်ပယ်သို့ ကျယ်ပြန့်အောင် လောကနီတိ ပျို့ကဗျာကို ရေးသားခဲ့ပါတယ်။ အဲဒီနောက်ရှေးဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှာ လောကနီတိကို ပြဋ္ဌာန်းစာတစ်ခုအနေနဲ့ မြို့တိုင်းရွာတိုင်းမှာ သင်ကြားခဲ့ရာက လောကနီတိဟာ မြန်မာတို့အဝန်းအဝိုင်းမှာ ကျယ်ပြန့်လာခဲ့တာဖြစ်ပါတယ်။ ကျယ်ပြန့်လာတာနဲ့အတူ မူရင်းပါဠိဘာသာနဲ့ ရေးသားထားတဲ့ လောကနီတိကျမ်းနဲ့ ဆရာတော်ဦးဗုမ် မြန်မာဘာသာပြန်ထားတဲ့ လောကနီတိတို့ကို အမှီပြုပြီး နာမည်ကြီးဆရာတော်ကြီးများနဲ့ နာမည်ကြီးစာပေပညာရှင်ဖြစ်တဲ့ ဦးသုခအပါအဝင် စာဆိုရာနဲ့ချီ လောကနီတိကို အဆင့်ဆင့် လက်ဆင့်ကမ်း ရှင်းလင်း ရေးသားခဲ့ကြပါတယ်။ ဒေါက်တာစိန်ဟူ အပါအဝင် ပညာရှင် တချို့ကလဲ လောကနီတိကို အင်္ဂလိပ်ဘာသာ ပြန်ဆိုရေးသားခဲ့ကြပါတယ်။

လောကနီတိကျမ်းဟာ လူမှုနယ်ပယ်မှာ တကယ်ကောင်းမွန်တဲ့ ကျမ်းဖြစ်ပါတယ်။ လောကနီတိအတတ်ကို သိထားတတ်ထားတဲ့သူတွေဟာ ဘဝလမ်းလျှောက်လှမ်းတဲ့အခါ ပိုမိုအဆင်ပြေချောမွေ့စေပါတယ်။ လောကနီတိရဲ့အဓိပ္ပာယ်ကို ပြောရရင် **လောကဆိုတာ လူသားတို့ရဲ့ သတ္တလောကကြီးကို ဆိုလိုတာဖြစ်ပါတယ်။ နီတိ ဆိုတာကတော့ ပါဠိစာပေ နိမိကနေ ဆင်းသက်လာကြောင်းဆိုပါတယ်။ နိမိဆိုတာ**

mgyoe.com

mgyoe.com SAMPLE BOOK


**ရွှေ ငွေ ဥစ္စာ ရတနာလို့ အဓိပ္ပာယ်ရပါတယ်။ ပြောင်းလဲသုံးစွဲလာတဲ့ နီတိကတော့ ဆောင်ခြင်း ရည်ညွှန်းခြင်းလို့ အဓိပ္ပာယ်ရကြောင်း ဆိုပါတယ်။ ဒီတော့ လောကနီတိဆိုတာ လောကနီသားတို့ရဲ့ ရွှေ ငွေ ဥစ္စာပစ္စည်းသဖွယ် ဆောင်ထား ကျင့်သုံး လိုက်နာဖွယ်ရာများ။ လောကလူသားတို့ ဘဝတိုးတက်ရေးကို ညွှန်ပြခြင်းများလို့ နားလည်ကြရမှာ ဖြစ်ပါတယ်။**

လောကနီတိဟာ လူသားတွေအတွက် အဲသလောက်ထိ အရေးပါတဲ့ကျမ်းဖြစ်တဲ့အတွက် မျက်မှောက်ခေတ် လူငယ်တွေလက်ထဲလဲ ရောက်ရှိစေချင်တဲ့ဆန္ဒ ဖြစ်ပေါ်လာမိပါတယ်။ ဘုန်းတော်ကြီးကျောင်းမှာ ပညာသင်ယူသူ၊ ရှင်သာမဏေပြုသူ၊ ယဉ်ကျေးလိမ္မာသင်တန်းတက်ရောက်သူ နည်းပါးလာတဲ့အတွက် ဒီနေ့ခေတ် လူငယ်တွေ လောကနီတိနဲ့ အလှမ်းဝေးနေတာဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းစာကြည့်တိုက်တွေဆီ ကလေးတွေဆီ လောကနီတိစာအုပ် အလွယ်တကူ ရောက်ရှိအောင် စိတ်ဝင်စားဖွယ် ရုပ်ပုံလေးတွေနဲ့ထုတ်ဝေဖို့ ပြင်ဆင်ခဲ့ပါတယ်။ ရှေးခေတ် မြန်မာစာအရေးအသားများနဲ့ လောကနီတိစာအုပ်တွေကို ခေတ်လူငယ်တွေဖတ်တဲ့အခါ နားလည်နိုင်မှု နည်းပါးနိုင်တဲ့အချက်ကို ဖြည့်စွက်ပြီး တော့လဲ ခေတ်အဆက်ဆက်ကနေ ပြောင်းလဲလာခဲ့တဲ့ ဒီနေ့ခေတ် မြန်မာစာအရေးအသားပုံစံအတိုင်း မူရင်းဆိုလိုရင်းကို မပျက်စေဘဲ ပြောင်းလဲရေးသားပြီး ဒီစာအုပ်လေးကို စီစဉ်ခဲ့တာဖြစ်ပါတယ်။

လောကနီတိကျမ်းမှာ ပါဠိဂါထာ ၁၆၇ ဂါထာရှိပါတယ်။ (၁) ပညာရှိတို့ကို ဆိုင်ရာအခန်း – **ပဏ္ဍိတကဏ္ဍ**။ (၂) သူတော်ကောင်းတို့ ဆိုင်ရာအခန်း – **သုဇနကဏ္ဍ**။ (၃) သူယုတ်မာ လူမိုက်တို့ဆိုင်ရာ အခန်း – **ဗာလဒုဇ္ဇနကဏ္ဍ**။ (၄) မိတ်ဆွေတို့ဆိုင်ရာအခန်း – **မိတ္တကဏ္ဍ**။ (၅) မိန်းမသားသဘာဝများဆိုင်ရာအခန်း – **ဣတ္ထိကဏ္ဍ**။ (၆) အုပ်ချုပ်သူ

mgyoe.com

mgyoe.com SAMPLE BOOK

မင်းအစိုးရတို့က ဆိုင်ရာခန်း - **ရာဇကဏ္ဍ**။ (၇) အထွေထွေ ဆိုင်ရာ အခန်း- **ပကိဏ္ဏကကဏ္ဍ** ဆိုပြီး ၇ ခန်းဖွဲ့ရေးသားထားတာ ဖြစ်ပါတယ်။

ခေတ်လူငယ်များနဲ့ လူကြီးလုပ်နေကြတဲ့ အကြီးအကဲတွေအနေနဲ့ လောကနီတိကျမ်းကို လေ့လာမှတ်သား လိုက်နာ ကျင့်ဆောင်သင့်ပါတယ်။ လောကနီတိကျမ်းကို ဖတ်ရှုလိုက်နာပြီး ကြီးကျယ်မွန်မြတ်တဲ့ အကြား အမြင် ဗဟုသုတ ရရှိလာကြစေချင်ပါတယ်။ စောင့်ထိန်းသင့်တဲ့ စည်းကမ်း နည်းလမ်း ဂုဏ်အင်္ဂါတွေကို စောင့်ထိန်းနိုင်ကြပြီး ကြီးပွား တိုးတက် ချမ်းသာတဲ့၊ ရိုးသားယဉ်ကျေးတဲ့ လူရည်ချွန်တွေ ဖြစ်နိုင်ကြပါစေလို့လဲ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။

ပီတိ(ပေကြီး)
၂၆-၂-၂၀၂၅

❑

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

m g y o e . c o m  SAMPLE BOOK 




## လောကနီတိ [ ၁ ]


ကျွန်တော် ရတနာမြတ်သုံးပါးကို ရှိခိုးပါတယ်။

ရတနာသုံးပါး ဦးထိပ်ထားပြီးတဲ့အခါ ကျမ်းစာအထွေထွေတို့ ကနေ ထုတ်နုတ်စီစဉ်ရေးသားထားတဲ့ လောကနီတိကျမ်းကို မာဂဓဘာသာနဲ့ အကျဉ်းတင်ပြပါတော့မယ်။

[ မြန်မာစကားပြေနဲ့ လိုရင်းတိုရှင်း တင်ပြပါတော့မယ်၊ ပြန်လည်စီစဉ်သူ ]

mgyoe.com

mgyoe.com
SAMPLE BOOK

## လောကနီတိ [ ၂ ]


လောကနီတိကျမ်းဟာ ယောကျ်ားတို့ရဲ့ အနှစ်သာရလို့လဲပြောလို့ ရပါတယ်။ အမိအဖလို့လဲ သတ်မှတ်ခေါ်ဆိုနိုင်ပါတယ်။ ဆရာလို့လဲ သတ်မှတ် ခေါ်ဆို နိုင်ပါတယ်။ မိတ်ဆွေ အပေါင်းအသင်းလို့လဲ သတ်မှတ် ခေါ်ဆိုနိုင်ပါတယ်။ လောကနီတိကို သိရှိနားလည်တဲ့ သူတွေဟာ အမြော်အမြင် ဗဟုသုတရှိတဲ့ ပညာရှိဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

# ပညာရှိကျောင်း နိတိ

mgyoe.com




## လောကနီတိ [ ၃ ]

ပျင်းရိနေရင် အတတ်ပညာ မရနိုင်ပါ။ အတတ်ပညာမရှိတဲ့သူမှာ ပစ္စည်းဥစ္စာ ရှားပါးပါလိမ့်မယ်။ ဥစ္စာပစ္စည်းမရှိတဲ့သူမှာ မိတ်ကောင်းဖော်သဟာ ရှားပါးပါလိမ့်မယ်။ မိတ်ကောင်းဖော်သဟာ မရှိတဲ့သူမှာ ချမ်းသာမှုကိုရရှိခြင်း နည်းပါးပါလိမ့်မယ်။ ချမ်းသာမှု မရှိတဲ့သူမှာ ကောင်းမှုကုသိုလ်ပြုနိုင်ခွင့် နည်းပါးပါလိမ့်မယ်။ ကောင်းမှုကုသိုလ် မပြုနိုင်တဲ့ သူဟာ နိဗ္ဗာန် မရနိုင်ပါ။

m·gyoe.com

m g y o e . c o m

SAMPLE BOOK

## လောကနီတိ [ ၄ ]

အတတ်ပညာနဲ့ တူတဲ့ ဥစ္စာဆိုတာ မရှိပါ။

အတတ်ပညာကို သူခိုးဖြစ်သူတို့ ခိုးမယူနိုင်ပါ။

လောကမှာ အတတ်ပညာဆိုတာ အဆွေခင်ပွန်းကောင်းဖြစ်ပါတယ်။ အတတ်ပညာက တမလွန်ဘဝထိ ချမ်းသာမှုကို ပေးပါတယ်။

m g y o e . c o m

mgyoe.com  SAMPLE BOOK 




**လောကနီတိ [ ၅ ]**

အကြား အမြင် ပညာကို နည်းနည်းလေးလို့ မအောက်မေ့ပါနဲ့။

နည်းနည်းရ နည်းနည်းချင်း စိတ်အတွင်းမှာ သိုမှီး သိမ်းဆည်းထားသင့်ပါတယ်။

ခြတောင်ပို့လို၊ ရေပေါက်ကျဖန်များလာတဲ့အခါ ပြည့်သွားတဲ့ အိုးလို ဥပမာယူပါ။

mgyoe.com



## လောကနီတိ [ ၆ ]

နှုတ်မှုပညာကိုဖြစ်စေ၊ လက်မှုပညာကိုဖြစ်စေ၊ မပြောပလောက် သေးငယ်တယ်လို့ မမှတ်ယူပါနဲ့။ ကုန်စင်အောင် တတ်မြောက်တဲ့အခါ တစ်ခုတည်းသော အတတ်ပညာပင်ဖြစ်စေကာမူ အသက်မွေးဝမ်းကျောင်းအတွက် အကျိုးရှိပါလိမ့်မယ်။

mgyoe.com



## လောကနီတိ [ ၇ ]

တောင်တွေက ပတ္တမြားထွက်လေ့ရှိပေမဲ့ တောင်တိုင်းမှာတော့ ပတ္တမြားမရှိပါဘူး။

ဆင်တွေမှာ အမြဲတေရှိတတ်ပေမဲ့ ဆင်တိုင်းမှာတော့ အမြဲတေ မရှိပါဘူး။

တောတောင်တွေမှာ စန္ဒကူးရှိတတ်ပေမဲ့ တောတောင်တိုင်းမှာတော့ စန္ဒကူးမရှိပါဘူး။

အဲဒီလိုပါပဲ နေရာဒေသတိုင်းမှာတော့ ပညာရှိသူခမိန်တွေ မရှိပါဘူး။

mgyoe.com

mgyoe.com

SAMPLE BOOK




## လောကနီတိ [ ၈ ]

အကြားအမြင် ဗဟုသုတ ပြည့်စုံတဲ့ ပညာရှိ ဘယ်အရပ်ဒေသမှာ ရှိတယ်လို့ ကြားလိုက်တာနဲ့ အကြားအမြင် သုတပညာရှာမှီးလိုတဲ့ သူဟာ အဲဒီအရပ်ဒေသကို လိုလိုလားလား သွားရောက်သင့်ပါတယ်။

mgyoe.com



## လောကနီတိ [ ၉ ]

အတတ်ပညာကို တဖြည်းဖြည်း သင်ယူသင့်ပါတယ်။ ပစ္စည်း ဥစ္စာကိုလဲ တဖြည်းဖြည်း ရှာဖွေပါ။ တောင်ကို တက်တဲ့အခါ တဖြည်းဖြည်း တက်ပါ။ ကာမဂုဏ်အမှုကိုလဲ တဖြည်းဖြည်း တစ်စစ အလိုရှိပါ။ ဒေါသဖြစ်တဲ့အခါ စိတ်လိုက်မာန်ပါ မလုပ်မိပါစေနဲ့။ အဲဒီငါးမျိုးဟာ တဖြည်းတဖြည်း တစ်စတစ်စချင်းသာ အလိုဖြည့်ရမှာ ဖြစ်ပါတယ်။

mgyoe.com

SAMPLE BOOK




## လောကနီတိ [ ၁၀ ]

**ယောကျ်ားတို့ အတတ် ၁၈ ရပ်**

(၁) အကြားအမြင်အတတ်ပညာ၊ (၂) ဓမ္မသတ်ကျမ်း အတတ်ပညာ၊ (၃) သချ်ာအတတ်ပညာ၊ (၄) အာရုံကို ထိန်းချုပ်တတ်တဲ့ ယောဂကမ္မဋ္ဌာန်း အတတ်ပညာ၊ (၅) နီတိကျမ်း အတတ်ပညာ၊ (၆) လောကအကြောင်းကိုပြတဲ့ ဝိသေက တက်ကျမ်းအတတ်ပညာ၊ (၇) ဆို တီး က ဖြစ်တဲ့ ဂန္ဓဗ္ဗအတတ်ပညာ၊ (၈) လက်ပစ်အတတ်ပညာ၊ (၉) ဒူးလေး လင်းလေး (သေနတ်) စသော လေးအတတ်ပညာ၊ (၁၀) ရှေးဟောင်းနှောင်းဖြစ် စကားဖြစ်သော ပုရာဏကျမ်းအတတ်ပညာ။

mgyoe.com

mgyoe.com SAMPLE BOOK



## လောကနီတိ [ ၁၁ ]

(၁၁) ဆေးဝါး အတတ်ပညာ၊ (၁၂) ရယ်ရွှင်မှုကို ဖြစ်စေတတ်သော ဟာသအတတ်ပညာ၊ (၁၃) ဗေဒင်နက္ခတ်အတတ်ပညာ(အာကာသ၊ သိပ္ပံ)၊ (၁၄) လှည့်ပတ်မှု မာယာအတတ်ပညာ၊ (၁၅) ဆန်းကျမ်း အတတ်ပညာ၊ (၁၆) အလင်္ကာ ကျမ်းအတတ်ပညာ၊ (၁၇) ဂါထာမန္တန် အတတ်ပညာ၊ (၁၈) သဒ္ဒါကျမ်း အတတ်ပညာ။ အဲဒီအတတ်ပညာ ၁၈ ခုဟာ ယောကျ်ားတိုင်း တတ်ထားသင့်တဲ့ အတတ်ပညာတွေဖြစ်ပါတယ်။

mgyoe.com

SAMPLE BOOK




## လောကနီတိ [ ၁၂ ]

လောကမှာ ပညာရှိဆိုတာ မမေးရင် စည့်နဲ့တူတယ်။ မေးခဲ့ရင် မိုးကြိုးရွာချသလို ဖြစ်တယ်။ ပညာမဲ့သူ မိုက်မဲသူကတော့ မေးသည်ဖြစ်စေ၊ မမေးသည်ဖြစ်စေ အမြဲပဲ စကားများတတ် ဟောပြောတတ်ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK





## လောကနီတိ [ ၁၃ ]

လောကမှာ စာအုပ်အထဲရှိတဲ့ အတတ်ပညာတွေ၊ သူတစ်ပါး လက်မှာရှိတဲ့ ဥစ္စာပစ္စည်းတွေ ရှိပါတယ်။ အရေးကြီးငယ်ပေါ်လာတဲ့အခါ မျိုးမှာ အဲဒီ စာအုပ်ထဲမှာရှိတဲ့ ပညာက အတတ်ပညာမမည်ပါဘူး။ သူတစ်ပါးလက်မှာရှိတဲ့ ပစ္စည်းဥစ္စာက ပစ္စည်းဥစ္စာမမည်ပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

## လောကနီတိ [ ၁၄ ]

ရေတိမ်ရေနက်ကို ကုမုဒြာကြာရိုးကို ကြည့်ရုံနဲ့ သိနိုင်တယ်။

အမျိုးယုတ်မြတ်(အကျင့်ကောင်းမကောင်း)ကို ကိုယ်အမူအရာ နှုတ်အမူရာ ကြည့်ရုံနဲ့သိနိုင်တယ်။

ပညာ ရှိ မရှိကို ပြောဆိုတဲ့စကားကို နားထောင်ရုံနဲ့ သိနိုင်တယ်။ မြေကောင်းမကောင်းကို အဲဒီမြေပေါ်မှာ ပေါက်နေတဲ့မြက် ညို့ မညို့ကြည့်ပြီး သိနိုင်တယ်။

mgyoe.com

m.gyoe.com

SAMPLE BOOK




## လောကနီတိ [ ၁၅ ]

လောကမှာ အသိပညာဗဟုသုတ အကြားအမြင် အနည်းငယ်လောက်ရှိရုံနဲ့ အများကြီး သိထားတယ် ထင်သူ တွေရှိတယ်။ သူ့ကိုသူ သိလှပြီဆိုပြီး မာန်တက်နေတတ် တယ်။ သူက ဘာနဲ့တူသလဲဆိုရင် သမုဒ္ဒရာရေကို မမြင်ဖူး တဲ့ ဖားသူငယ်ဟာ တွင်းချိုင့်အသေးလေးထဲက ရေကို အများကြီးထင်နေသလိုပါပဲ။

mgyoe.com

m g y o e . c o m SAMPLE BOOK



## လောကနီတိ [ ၁၆ ]

လောကထဲမှာနေပြီး ပထမအရွယ်မှာ ပညာမရှာနိုင်ခဲ့ရင်
ဒုတိယအရွယ်မှာ ဥစ္စာပစ္စည်း မရှာနိုင်ခဲ့ရင်
တတိယအရွယ်မှာ တရားမရှာနိုင်ခဲ့ရင်
စတုတ္ထအရွယ်မှာ ဘာမှ အသုံးကျတော့မှာမဟုတ်ပါဘူး။

m g y o e . c o m

mgyoe.com





## လောကနီတိ [ ၁၇ ]

လူငယ်မောင်မယ်တို့ အတတ်ပညာကို သင်ကြပါ။

ဘာလို့ ပျင်းရိ နေကြတာလဲ။ နေ့စဉ် နေ့တိုင်း အတတ်ပညာ သင်ကြပါ။ အတတ်ပညာ မရှိရင် သူတစ်ပါးကျွန် ဖြစ်တတ်တယ်။ အတတ်ပညာ ရှိရင် သူတစ်ပါးရဲ့ အလေးထား အပူဇော်ခံ ဖြစ်တတ်တယ်။ ဒါကြောင့် အတတ်ပညာကို ကြိုးစားပြီး သင်ယူကြစမ်းပါ။

mgyoe.com



## လောကနီတိ [ ၁၈ ]

အမေဖြစ်သူက သားသမီးကို အတတ်ပညာ သင်ပေးရတယ်။ မိခင်ဖြစ်ပြီး အတတ်ပညာသင်မပေးရင် သားသမီးရဲ့ရန်သူဖြစ်တတ်တယ်။ အဖေဖြစ်သူကလည်း သားသမီးကို အတတ်ပညာ သင်ပေးရမယ်။ ဖခင်ဖြစ်ပြီး အတတ်ပညာသင်မပေးရင် သားသမီးရဲ့ရန်သူဖြစ်တတ်တယ်။

အတတ်ပညာမရှိတဲ့ သားသမီးတွေဟာ ဟင်္သာငှက်တို့ရဲ့ အလယ်မှာရှိတဲ့ ဗျိုင်းလိုပဲ လူသူပရိသတ်ကြား သွားတဲ့အခါ မတင့်မတယ်ဖြစ်တတ်တယ်။

mgyoe.com

 mgyoe.com SAMPLE BOOK 



## လောကနီတိ [ ၁၉ ]

တောင်ချောက်ကြားမှာ ပေါက်ရောက်နေတဲ့ ဆူးက ဘယ်သူ ချွန်လို့ထက်နေတာလဲ။ သူ့အလိုလိုသာ ချွန်ထက်နေတာပါ။

သမင်တွေရဲ့ မျက်လုံးတွေထဲမှာရော ဘယ်သူက မျက်စဉ်းခတ်ပေးလို့ ကြည်လင်တောက်ပ နေရတာလဲ။ သူ့အလိုလိုသာ ကြည်တောက်ပနေတာပါ။

ရွှံ့နွံအတွင်းမှာ ပေါက်ရောက်နေတဲ့ ကြာပန်းကိုရော ဘယ်သူ နံ့သာတွေသွားထည့်လို့ မွှေးနေရတာလဲ။ သူ့အလိုလိုသာ မွှေးနေတာပါ။ လူတော်လူကောင်းဆိုတဲ့ သဘောကရော ဘယ်သူပြုမှဖြစ်မှာလဲ။ ကိုယ်တိုင်ပဲ ပြုရလုပ်ရမှာပါ။

mgyoe.com

 SAMPLE BOOK 



## လောကနီတိ [ ၂၀ ]


ထုံးမပါတဲ့ ကွမ်းယာဟာ အရသာမရှိပါဘူး။

ဆင်းရဲတဲ့သူရဲ့ ဝတ်စားဆင်ယင်မှုကိုကြည့်ရတာလဲ အသာမရှိပါဘူး။

ဆားမပါတဲ့ ဟင်းလျာဟာလဲ အရသာမရှိပါဘူး။

အတတ်ပညာ မရှိတဲ့သူတွေ ဖွဲ့ဆိုတဲ့ စာကဗျာတွေကလဲ အရသာ မရှိပါဘူး။

mgyoe.com




## လောကနီတိ [ ၂၁ ]

ကြားနာမှတ်သားတတ်တဲ့သူက ဗဟုသုတပြည့်စုံနေပါတယ်။ အဲဒီ ကြားမြင်သုတတွေကြောင့် ကြီးပွားနိုင်တယ်။ သုတပြည့်စုံတော့ အချက်ကျကျ အကွက်ကျကျ သိရှိနိုင်တယ်။ အဲလို သူများမမြင်နိုင်တာကို မြင်တဲ့အတွက် ကောင်းကျိုးချမ်းသာကို ရစေမှာပါ။

mgyoe.com

mgyoe.com  SAMPLE BOOK 



## လောကနီတိ [ ၂၂ ]

လောကမှာ အစားစားတယ်၊ ကာမဂုဏ်မှီဝဲတယ်၊ အိပ်တယ်ဆိုတဲ့ သုံးမျိုးကို နွားတွေရော လူတွေရော ပြုကြတာပါပဲ။ အသိပညာ အတတ် ပညာကတော့ လူတွေမှ တတ်သိနိုင်တဲ့ ဆုထူးဆုမြတ်ပါ။ လူဖြစ်ပါရဲ့နဲ့ အတတ် ပညာ မရှိရင်တော့ နွားနဲ့ဘာထူးတော့မှာလဲ။

mgyoe.com

mgyoe.com

SAMPLE BOOK




## လောကနီတိ [ ၂၃ ]

လောကမှာ အတတ်ပညာလောက် ကောင်းတဲ့ မိတ်ဆွေဆိုတာ မရှိဘူး၊ အနာရောဂါလောက်နှိပ်စက်တဲ့ ရန်သူဆိုတာမရှိဘူး၊ ကိုယ့်ထက် ပိုချစ်လောက်တဲ့သူဆိုတာ မရှိဘူး၊ ကံလောက်ကြီးမားတဲ့အားဆိုတာမရှိဘူး။

mgyoe.com

mgyoe.com SAMPLE BOOK




## လောကနီတိ [ ၂၄ ]

လောကထဲမှာ ကျီးတွေကြားရောက်နေတဲ့ ဟင်္သာငှက်ဟာ မတင့်တယ်နိုင်ဘူး။ နွားတွေကြားရောက်နေတဲ့ ခြင်္သေ့ဟာမတင့်တယ် နိုင်ဘူး။ မြည်းတွေကြား ရောက်နေတဲ့ မြင်းတွေဟာလဲ မတင့်တယ်နိုင်ဘူး။ အဲဒီလိုပါပဲ လူမိုက်တွေရဲ့ အလယ်ရောက်နေတဲ့ ပညာရှိဟာ မတင့်နိုင်ပါဘူး။

mgyoe.com

mgyoe.com

SAMPLE BOOK

## လောကနီတိ [ ၂၅ ]

လူမိုက်ဆိုတာ တစ်သက်တာကာလပတ်လုံး အသက်နဲ့တမျှ ပညာရှိနား ဆည်းကပ်နေရရင်တောင်မှ တရားကို မသိနိုင်ဘူး။ ဘယ်လို ပုံစံကြောင့်လဲဆိုရင် ဟင်းအိုးထဲ အမြဲမွှေနေတဲ့ ယောက်မဆိုတာ ဟင်းရဲ့ အရသာကို မသိသလိုပေါ့။ အရသာခံစားတတ်တဲ့ အသိ ပညာရှိမနေလို့ပါ။

mgyoe.com

mgyoe.com SAMPLE BOOK



## လောကနီတိ [ ၂၆ ]

အသိပညာဓာတ်ခံရှိသူတွေကတော့ ပညာရှိကို ခဏလောက်လေး ဆည်းကပ်ခွင့် ရတယ်ဆိုရင်တောင် လျှင်လျှင်မြန်မြန် တရားကိုသိတယ်။ ဘယ်လိုပုံစံကြောင့် လဲဆိုရင် လျှာပေါ်မှာ ဟင်းကိုတင်လိုက်တဲ့အခါ ဟင်းရဲ့ အရသာကို လျှာက တမ်းသိသလိုမျိုးပါ။

mgyoe.com